စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ပုစွန်


# ဈေးကွက်အလားအလာလေ့လာချက်

**(ITC MARKET SCAN)**

**အမှတ်စဉ် (၀၀၀၁)**

**(HS– Code 030617)**

**Frozen shrimps and prawns, even smoked, whether in shell or not, incl. shrimps and prawns in ...**



**July 2020**

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

PRODUCT : 030617)Frozen shrimps and prawns, even smoked, whether in shell or not, incl. shrimps and prawns in ...

**(HS–Code 030617)**

**Frozen shrimps and prawns, even smoked, whether in shell or not, incl. shrimps and prawns in ...**


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်


၂၀၁၉ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

Fig 1: Top 10 World importers in 2019

| No | Importers | Value Imported in 2018 (US$,000) | Quantity Imported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | United States of America | 4814028 | 550837 | 8739 | 26.6 |
| 2 | China | 3973351 | 649272 | 6120 | 21.9 |
| 3 | Japan | 1442958 | 143913 | 10027 | 8 |
| 4 | Spain | 1128888 | 159217 | 7090 | 6.2 |
| 5 | France | 709483 | 92375 | 7680 | 3.9 |
| 6 | Viet Nam | 569765 | 100562 | 5666 | 3.1 |
| 7 | Italy | 477729 | 65309 | 7315 | 2.6 |
| 8 | Korea, Republic of | 450221 | 56940 | 7907 | 2.5 |
| 9 | United Kingdom | 433570 | 42431 | 10218 | 2.4 |
| 10 | Netherlands | 398322 | 46669 | 8535 | 2.2 |
| 11 | other | 3728803 | 500543 | –71769 | 20.6 |
| 12 | World Total | 18127118 | 2408068 | 7528 | 100 |

Source : ITC TradeMap


Top 10 World Importers In 2019
6000000
5000000
4000000
3000000
2000000
1000000
0
United States of America
China
Japan
Spain
France
Viet Nam
Italy
Korea, Republic of
United Kingdom
Netherlands
other
Value imported in 2019 (USD thousand)
Quantity imported in 2019


List of importing countries for the selected product in 2019
Product : 030617 Frozen shrimps and prawns, even smoked, whether in shell or not, incl. shrimps and prawns in shell, cooked by steaming or by boiling in water (excluding cold-water shrimps and prawns)
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Chile
Norway
Spain
Italy
Ukraine
Turkey
Algeria
Egypt
Iraq
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Russian Federation
Kazakhstan
Mongolia
China
Pakistan
India
Australia
Imported value, USD thousand
N.A.
0 - 48,140 USD thousand
48,140 - 240,701 USD thousand
240,701 - 481,403 USD thousand
481,403 - 962,805 USD thousand
962,805 - 2,407,014 USD thousand
> 2,407,014 USD thousand

၁။ ၂၀၁၉ ခုနှစ်တွင် (HS–Code 030617) ပုစွန်အား အများဆုံး တင်သွင်းခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀နိုင်ငံမှာ အမေရိကန်၊ တရုတ်၊ ဂျပန်၊ စပိန်၊ ပြင်သစ်၊ ဗီယက်နမ်၊ အီတလီ၊ ကိုရီးယား၊ အင်္ဂလန်၊ နယ်သာလန်စ် တို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်၏ ၂၀၁၉ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၄၈၁၄ ဒသမ ၀၂၈ သန်းရှိပြီး ကမ္ဘာ့ပုစွန်ဈေးကွက်၏ ဈေးကွက်ဝေစု ၂၆ ဒသမ ၆ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် တရုတ်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၃၉၇၃ ဒသမ ၃၅၁ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၂၁ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ဂျပန်က ကန်ဒေါ်လာ ၁၄၄၂ ဒသမ ၉၅၈ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၈ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ စပိန်၊ ပြင်သစ်၊ ဗီယက်နမ်၊ အီတလီ၊ ကိုရီးယား၊ အင်္ဂလန်၊ နယ်သာလန်စ်တို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့ပုစွန်တင်သွင်းသည့် နိုင်ငံပေါင်း(၂၀၄)နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း၁၀နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် အင်္ဂလန်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး ဂျပန်က ဒုတိယ၊ အမေရိကန်က တတိယ၊ နယ်သာလန်စ်က စတုတ္ထနှင့် ကိုရီးယားက ပဥ္စမတို့ဖြစ်ကြသည်။

## မြန်မာ့ပုစွန်အများဆုံး တင်ပို့ခဲ့သည့် နိုင်ငံများ (၂၀၁၉)

**Fig 2: Top 10 Importers of Myanmar in 2019**

| Importer Countries | Value Imported in 2019 (US$,000) | Quantity Imported in 2019 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Japan | 43944 | 3953 | 11117 | 60.9 |
| Hong Kong, China | 14729 | 1671 | 8814 | 20.4 |
| China | 5662 | 1869 | 3029 | 7.8 |
| United States of America | 2467 | 155 | 15916 | 3.4 |
| Macao, China | 1779 | 240 | 7413 | 2.5 |
| Malaysia | 1698 | 211 | 8047 | 2.4 |
| Taipei, Chinese | 913 | 227 | 4022 | 1.3 |
| Belgium | 422 | 21 | 20095 | 0.6 |
| Sweden | 156 | 11 | 14182 | 0.2 |
| France | 130 | 9 | 14444 | 0.2 |

Source : ITC TradeMap

၂။ ၂၀၁၉ခုနှစ်တွင် မြန်မာ့ပုစွန်အား အများဆုံးတင်ပို့ရောင်းချခဲ့သည့်နိုင်ငံများမှာ ITC Trade Map အရ ဂျပန်၊ ဟောင်ကောင် (တရုတ်)၊ တရုတ်၊ အမေရိကန်၊ မကာအို (တရုတ်)၊ မလေးရှား၊ တိုင်ပေ (တရုတ်) ၊ ဘယ်လ်ဂျီယမ်၊ ဆွီဒင်၊ ပြင်သစ်တို့ဖြစ်ကြသည်။

## ၂၀၁၅ခုနှစ်မှ ၂၀၁၉ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ ပုစွန်တင်ပို့မှု

၃။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ ပုစွန်တင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံများက ပြည်ပသို့ ပုစွန်တင်ပို့မှုတန်ဖိုးပြဇယား

**Fig 3: List of exporters for the selected product**

**Product: (HS-Code 030617) Frozen shrimps and prawns, even smoked, whether in shell or not, incl. shrimps and prawns in ...**

Unit : US Dollar thousand

| NO | Exporters | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 | Exported value in 2019 |
|---|---|---|---|---|---|---|
| 1 | India | 3071512 | 3461520 | 4612033 | 4372998 | 4554389 |
| 2 | Ecuador | 1894670 | 2254581 | 2671265 | 2922812 | 3675300 |
| 3 | Viet Nam | 1731416 | 1820293 | 2204604 | 1973110 | 1935765 |
| 4 | Indonesia | 1189566 | 1260253 | 1403571 | 1345721 | 1269251 |
| 5 | Argentina | 763760 | 1002815 | 1200170 | 1304181 | 1052404 |
| 6 | Thailand | 629883 | 917392 | 918686 | 696292 | 662545 |
| 7 | China | 970555 | 1048183 | 905228 | 680945 | 507331 |
| 8 | Mexico | 316679 | 324492 | 441174 | 362505 | 376659 |
| 9 | Bangladesh | 381856 | 485264 | 495207 | 381822 | 364380 |
| 10 | Spain | 302917 | 321171 | 344710 | 346415 | 303497 |
| 11 | Myanmar * | 29906 | 35765 | 54515 | 64852 | 72142 |
| 12 | other | 2517631 | 2634019 | 3035000 | 3154926 | 2922867 |
| 13 | world Total | 13800351 | 15565748 | 18286163 | 17606579 | 17696530 |

Source: ITC Trade Map

***မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၂၄) တွင်ရှိပါသည်။**

# ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်ပသို့ ပုစွန် တင်ပို့မှုပမာဏပြဇယား

Fig 4: List of exporters for the selected product

Product: (HS-Code 030617) Frozen shrimps and prawns, even smoked, whether in shell or not, incl. shrimps and prawns in ...

| No | Exporters | 2015 Exported quantity, Tons | 2016 Exported quantity, Tons | 2017 Exported quantity, Tons | 2018 Exported quantity, Tons | 2019 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | India | 368928 | 412924 | 541303 | 583657 | 630598 |
| 2 | Ecuador | 284988 | 324340 | 384805 | 464272 | 614854 |
| 3 | Viet Nam | 184626 | 223122 | 245580 | 196578 | 204231 |
| 4 | Argentina | 120786 | 159889 | 183294 | 185995 | 165512 |
| 5 | Indonesia | 129995 | 134496 | 142300 | 148508 | 149152 |
| 6 | Thailand | 68805 | 100956 | 95816 | 71245 | 67238 |
| 7 | China | 95051 | 97351 | 92730 | 71385 | 53309 |
| 8 | Mexico | 28703 | 27097 | 35884 | 32661 | 37759 |
| 9 | Honduras | 48857 | 56066 | 65226 | 51313 | 37648 |
| 10 | Bangladesh | 33689 | 42361 | 40635 | 35203 | 33981 |
| 11 | Myanmar * | 10819 | 52169 | 17467 | 18727 | 8408 |
| 12 | other | 317814 | 334319 | 373745 | 427499 | 403859 |
| 13 | World Total | 1693061 | 1965090 | 2218785 | 2287043 | 2406549 |

Source: ITC Trade Map

***မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၂၄) တွင်ရှိပါသည်။**

၄။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့စျေးကွက်တွင် ပုစွန်တင်ပို့သောနိုင်ငံ ၁၄၂ နိုင်ငံ ရှိပြီး မြန်မာနိုင်ငံသည် တန်ဖိုးနှင့်ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၂၄ နေရာတွင်ရှိနေ ပါသည်။

## ပုစွန်အများဆုံးတင်သွင်းသော အာရှ (၁၀)နိုင်ငံ (၂၀၁၉)

**Fig 5: Top 10 Asia Importers in 2019**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| China | 3973351 | 649272 | 6120 | 21.9 |
| Japan | 1442958 | 143913 | 10027 | 8 |
| Viet Nam | 569765 | 100562 | 5666 | 3.1 |
| Korea, Republic of | 450221 | 56940 | 7907 | 2.5 |
| Taipei, Chinese | 283089 | 43149 | 6561 | 1.6 |
| Russian Federation | 245720 | 39643 | 6198 | 1.4 |
| United Arab Emirates | 193595 | 29137 | 6644 | 1.1 |
| Malaysia | 93607 | 18012 | 5197 | 0.5 |
| Thailand | 89586 | 11190 | 8006 | 0.5 |
| Singapore | 74528 | 11091 | 6720 | 0.4 |

Source : ITC TradeMap


၅။ ၂၀၁၉ ခုနှစ်တွင် ပုစွန်ကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသောနိုင်ငံများမှာ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ကိုရီးယား၊ တိုင်ပေ (တရုတ်)၊ ရုရှား၊ ယူအေအီး၊ မလေးရှား၊ ထိုင်း၊ စင်ကာပူတို့ဖြစ်ကြသည်။ တရုတ်သည် ၂၀၁၉ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၃၉၇၃ ဒသမ ၃၅၁ သန်းဖိုးနှင့် အရေအတွက် ၆၄၉၂၇၂ တန်ဖြင့် အများဆုံး ဝယ်ယူခဲ့ပြီး ဂျပန်က ကန်ဒေါ်လာ ၁၄၄၂ ဒသမ ၉၅၈ သန်းဖိုးနှင့် အရေအတွက် ၁၄၃၉၁၃ တန်ဖြင့် ဒုတိယအများဆုံး၊ ဗီယက်နမ်က ကန်ဒေါ်လာ ၅၆၉ ဒသမ ၇၆၅ သန်းဖိုးနှင့် အရေအတွက် ၁၀၀၅၆၂ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ကိုရီးယား၊ တိုင်ပေ (တရုတ်)၊ ရုရှား၊ ယူအေအီး၊ မလေးရှား၊ ထိုင်း၊ စင်ကာပူတို့က အစဉ်လိုက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၉)

### Fig 6. Top 10 World exporters in 2019


| Exporter Countries | Value Exported in 2019 (US$,000) | Quantity Exported in 2019(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 4554389 | 630598 | 7222 | 25.6 |
| Ecuador | 3675300 | 614854 | 5978 | 20.7 |
| Viet Nam | 1935958 | 204315 | 9475 | 10.9 |
| Indonesia | 1269251 | 149152 | 8510 | 7.1 |
| Argentina | 1052404 | 165512 | 6358 | 5.9 |
| Thailand | 662545 | 67238 | 9854 | 3.7 |
| China | 507331 | 53309 | 9517 | 2.9 |
| Mexico | 376659 | 37759 | 9975 | 2.1 |
| Bangladesh | 364381 | 33981 | 10723 | 2.1 |
| Spain | 303497 | 33620 | 9027 | 1.7 |
| Myanmar | 72141 | 8408 | 8580 | 0.4 |

Source : ITC TradeMap



List of exporting countries for the selected product in 2019

Product : 030617 Frozen shrimps and prawns, even smoked, whether in shell or not, incl. shrimps and prawns in shell, cooked by steaming or by boiling in water (excluding cold-water shrimps and prawns)




၆။ ၂၀၁၉ ခုနှစ်တွင် ပုစွန် (HS–Code–030617)အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ ထိပ်တန်း ၁၀ နိုင်ငံမှာ အိန္ဒိယ၊ အီကွေဒေါ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ ထိုင်း၊ တရုတ်၊ မက္ကဆီကို၊ ဘင်္ဂလားဒေ့ရှ်၊ စပိန်တို့ဖြစ်ကြသည်။ အိန္ဒိယက ကန်ဒေါ်လာ ၄၅၅၄ ဒသမ ၃၈၉ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၅ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရသည်။ ဒုတိယနေရာရှိ အီကွေဒေါက ကန်ဒေါ်လာ ၃၆၇၅ ဒသမ ၃၀၀ သန်းဖိုးရောင်းချ နိုင်ပြီး ဈေးကွက်ဝေစု ၂၀ ဒသမ ၇ ရာခိုင်နှုန်း၊ တတိယနေရာရှိ ဗီယက်နမ်က ကန်ဒေါ်လာ ၁၉၃၅ ဒသမ ၉၅၈ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၁၀ ဒသမ ၉ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ ထိုင်း၊ တရုတ်၊ မက္ကဆီကို၊ ဘင်္ဂလားဒေ့ရှ်၊ စပိန်တို့က အစဉ်လိုက် ရှိကြသည်။ ဈေးနှုန်းအနေနှင့် ဘင်္ဂလားဒေ့ရှ်က ပထမ၊ မက္ကဆီကိုက ဒုတိယ၊ ထိုင်းက တတိယ၊ တရုတ်က စတုတ္ထနှင့် ဗီယက်နမ်က ပဥ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ပုစွန်တင်ပို့သောနိုင်ငံ(၁၂၃)နိုင်ငံ ရှိပြီး မြန်မာနိုင်ငံက အဆင့်(၂၄) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှ ပုစွန်တင်သွင်းမှု

၇။ ၂၀၁၉ ခုနှစ်တွင် ပုစွန်အများဆုံးတင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ စပိန်၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်၊ နယ်သာလန်စ်တို့ဖြစ်ကြပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ (၅)နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ် ပါသည်–

**Fig 7. Top Five EU Importers with the Biggest Growth in value Between 2015and 2019**

| Importers | Annual growth in value between 2015–2019 (%) | Annual growth in value between 2018–2019 (%) |
|---|---|---|
| Spain | 1 | –7 |
| France | 1 | –12 |
| Italy | 3 | –14 |
| United Kingdom | 2 | 4 |
| Netherlands | 3 | –7 |

source : ITC Trade Map

၈။ ပုစွန်အများဆုံး တင်သွင်းသောEUထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၉ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည် –

**Fig 8. Top Five Frozen shrimps and prawns Importers of EU in 2019**

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2019 (USD thousand) | Quantity imported in 2019 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 4287023 | 533782 | 8031 | 23.6 |
| Spain | 1128888 | 159217 | 7090 | 6.2 |
| France | 709483 | 92375 | 7680 | 3.9 |
| Italy | 477729 | 65309 | 7315 | 2.6 |
| United Kingdom | 433570 | 42431 | 10218 | 2.4 |
| Netherlands | 398322 | 46669 | 8535 | 2.2 |

source : ITC Trade Map

၉။ ၂၀၁၉ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် ပုစွန်တင်သွင်းမှုပမာဏသည် ၅၃၃၇၈၂တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၄၂၈၇ ဒသမ ၀၂၃ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၂၃ ဒသမ ၆ ရာခိုင်နှုန်းဈေးကွက်ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် တရုတ်က MFN duties ၀.၀၇%၊ ASEAN Countries, LDC Countries, Preferential tariff for Myanmar တို့အတွက် ၀% ၊ တိုင်ပေ (တရုတ်)က MFN duties ၀.၂% ၊ စင်ကာပူ၊ မလေးရှား၊ ဆော်ဒီအာရေဗျ၊ ဘာရိန်းတို့က MFN duties ၀% ၊ အင်ဒိုနီးရှားက MFN duties ၀.၀၅% ၊ AANZFTA Countries , ASEAN Countries တို့အတွက် ၀%၊ ရုရှားက MFN duties 5% (သို့သော်) 0.05 kg ကို 0.1 ယူရိုထက်မနည်းရ ၊ စပိန်၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်၊ နယ်သာလန်စ်တို့က MFN duties ၀.၁၂%၊ LDC Countries အတွက် ၀% သတ်မှတ်ထားကြောင်းလေ့လာတွေ့ရှိရပါသည်။

## Tariff Rate Frozen shrimps and prawns

| | | |
|---|---|---|
| China | MFN duties (Applied) | 0.07 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| | Preferential tariff for Myanmar | 0 |
| Taipei Chinese | MFN duties (Applied) | 0.2 |
| Singapone | MFN duties (Applied) | 0 |
| Malaysia | MFN duties (Applied) | 0 |
| saudia Arabia | MFN duties (Applied) | 0 |
| Bahrain | MFN duties (Applied) | 0 |
| Russia Federation | MFN duties (Applied) | 5% but not<br>less than<br>0.1 euro per Kg<br>0.05 |
| | Preferential tariff for Least Developed Countries | 0 |
| Indonesia | MFN duties (Applied) | 0.05 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Spain | MFN duties (Applied) | 0.12 |
| | Preferential tariff for Least Developed Countries | 0 |
| France | MFN duties (Applied) | 0.12 |
| | Preferential tariff for Least Developed Countries | 0 |
| Italy | MFN duties (Applied) | 0.12 |
| | Preferential tariff for Least Developed Countries | 0 |
| United Kingdom | MFN duties (Applied) | 0.12 |
| | Preferential tariff for Least Developed Countries | 0 |
| Netherlands | MFN duties (Applied) | 0.12 |
| | Preferential tariff for Least Developed Countries | 0 |

Source: Market Access Map

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ် ဈေးကွက်

**Fig 9 : Top 10 world exporters to China in 2019**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Ecuador | 1848793 | 322636 | 5730 | 46.5 |
| India | 903747 | 155027 | 5830 | 22.7 |
| Thailand | 254818 | 28701 | 8878 | 6.4 |
| Viet Nam | 254255 | 34814 | 7303 | 6.4 |
| Argentina | 253986 | 35099 | 7236 | 6.4 |
| Saudi Arabia | 180635 | 29140 | 6199 | 4.5 |
| Malaysia | 71700 | 10543 | 6801 | 1.8 |
| Indonesia | 51954 | 9269 | 5605 | 1.3 |
| Mexico | 43155 | 6297 | 6853 | 1.1 |
| Peru | 29700 | 5242 | 5666 | 0.7 |
| Myanmar | 5662 | 1869 | 3029 | 0.1 |

Source : ITC Trade Map

### တိုင်ပေ ( တရုတ်) ဈေးကွက်

**Fig 10: Top 10 world exporters to Taipei chinese in 2019**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Honduras | 68724 | 10137 | 6780 | 24.3 |
| Nicaragua | 46268 | 7386 | 6264 | 16.3 |
| Thailand | 36750 | 4599 | 7991 | 13 |
| Viet Nam | 36518 | 4968 | 7351 | 12.9 |
| Malaysia | 25958 | 3292 | 7885 | 9.2 |
| China | 18188 | 4532 | 4013 | 6.4 |
| Argentina | 14301 | 2004 | 7136 | 5.1 |
| Indonesia | 8000 | 1808 | 4425 | 2.8 |
| Guatemala | 6932 | 1026 | 6756 | 2.4 |
| Philippines | 4989 | 698 | 7148 | 1.8 |
| Myanmar | 913 | 227 | 4022 | 0.3 |

Source : ITC Trade Map

မလေးရှားဈေးကွက်

Fig 11: Top 10 world exporters to Malaysia in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 16132 | 4264 | 3783 | 17.2 |
| Indonesia | 10747 | 1996 | 5384 | 11.5 |
| Iran, Islamic Republic of | 10388 | 2462 | 4219 | 11.1 |
| Viet Nam | 9559 | 1385 | 6902 | 10.2 |
| India | 9515 | 1213 | 7844 | 10.2 |
| Ecuador | 7409 | 1343 | 5517 | 7.9 |
| Venezuela, Bolivarian Republic of | 7087 | 1871 | 3788 | 7.6 |
| Mexico | 4964 | 626 | 7930 | 5.3 |
| Argentina | 4478 | 510 | 8780 | 4.8 |
| Peru | 3173 | 639 | 4966 | 3.4 |
| Myanmar | 1698 | 211 | 8047 | 1.8 |

Source : ITC Trade Map

အင်္ဂလန် ဈေးကွက်

**Fig 12: Top 10 world exporters to** United Kingdom **in 2019**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Viet Nam | 117031 | 11379 | 10285 | 27 |
| India | 110724 | 12602 | 8786 | 25.5 |
| Bangladesh | 65247 | 4174 | 15632 | 15 |
| Ecuador | 31330 | 3880 | 8075 | 7.2 |
| Thailand | 25682 | 2424 | 10595 | 5.9 |
| Honduras | 22969 | 1978 | 11612 | 5.3 |
| Denmark | 10501 | 961 | 10927 | 2.4 |
| Spain | 8410 | 826 | 10182 | 1.9 |
| Nicaragua | 7864 | 648 | 12136 | 1.8 |
| Netherlands | 5661 | 594 | 9530 | 1.3 |
| Myanmar | 57 | 13 | 4385 | 0 |

Source : ITC Trade Map

စင်ကာပူ ဈေးကွက်

**Fig 13: Top 10 world exporters to** Singapore **in 2019**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Malaysia | 25193 | 3210 | 7848 | 33.8 |
| China | 15948 | 3606 | 4423 | 21.4 |
| Viet Nam | 14262 | 1642 | 8686 | 19.1 |
| India | 4342 | 783 | 5545 | 5.8 |
| Indonesia | 4084 | 679 | 6015 | 5.5 |
| Thailand | 4056 | 454 | 8934 | 5.4 |
| Ecuador | 2524 | 393 | 6422 | 3.4 |
| Japan | 933 | 45 | 20733 | 1.3 |
| Australia | 678 | 46 | 14739 | 0.9 |
| Argentina | 477 | 62 | 7694 | 0.6 |
| Myanmar | 22 | 4 | 5500 | 0 |

Source : ITC Trade Map

ဆော်ဒီအာရေဗျဈေးကွက်

**Fig 14: Top 10 world exporters to Saudi Arebia in 2019**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United Arab Emirates | 30120 | 3443 | 8748 | 56.8 |
| China | 13966 | 2070 | 6747 | 26.3 |
| Bahrain | 5100 | 642 | 7944 | 9.6 |
| India | 3010 | 322 | 9348 | 5.7 |
| Philippines | 372 | 55 | 6764 | 0.7 |
| Singapore | 288 | 19 | 15158 | 0.5 |
| Thailand | 71 | 6 | 11833 | 0.1 |
| Bangladesh | 18 | 2 | 9000 | 0 |
| Canada | 16 | 1 | 16000 | 0 |
| Spain | 13 | 0 | | 0 |
| Myanmar | 11 | 5 | 2200 | 0 |

Source : ITC Trade Map

ရုရှားဈေးကွက်

Fig 15: Top 10 world exporters to Russia in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 80007 | 12061 | 6634 | 32.6 |
| Ecuador | 47286 | 9488 | 4984 | 19.2 |
| Argentina | 42456 | 6509 | 6523 | 17.3 |
| China | 29963 | 5236 | 5722 | 12.2 |
| Viet Nam | 19313 | 2003 | 9642 | 7.9 |
| Bangladesh | 10224 | 1162 | 8799 | 4.2 |
| Peru | 5747 | 1371 | 4192 | 2.3 |
| Nicaragua | 3808 | 740 | 5146 | 1.5 |
| Thailand | 2116 | 215 | 9842 | 0.9 |
| Indonesia | 1796 | 232 | 7741 | 0.7 |

Source : ITC Trade Map

အင်ဒိုနီးရှားဈေးကွက်

Fig 16: Top 10 world exporters to Indonesia in 2019

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Argentina | 13758 | 1747 | 7875 | 84.7 |
| Indonesia | 1080 | 120 | 9000 | 6.6 |
| Japan | 676 | 144 | 4694 | 4.2 |
| United States of America | 461 | 52 | 8865 | 2.8 |
| France | 248 | 20 | 12400 | 1.5 |
| Korea, Republic of | 25 | 3 | 8333 | 0.2 |

Source : ITC Trade Map

**ဘာရိန်း စျေးကွက်**

**Fig 17: Top 10 world exporters to** Bahrain **in 2019**

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 11106 | 1569 | 7078 | 70.2 |
| Pakistan | 3769 | 497 | 7584 | 23.8 |
| Ecuador | 425 | 70 | 6071 | 2.7 |
| Thailand | 289 | 73 | 3959 | 1.8 |
| Saudi Arabia | 202 | 33 | 6121 | 1.3 |
| Japan | 10 | 0 | | 0.1 |
| Spain | 5 | 0 | | 0 |
| France | 4 | 0 | | 0 |
| Brazil | 4 | 0 | | 0 |

Source : ITC Trade Map

## မြန်မာနိုင်ငံအတွက်အလားအလာအကောင်းဆုံးစျေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် ပုစွန်အများဆုံး တင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့ပုစွန်အများဆုံး ဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ စျေးကွက်ဝေစု ၂၆ ဒသမ ၆ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ တရုတ်က စျေးကွက်ဝေစု ၂၁ ဒသမ ၉ရာခိုင်နှုန်း၊ တတိယ ဂျပန်က စျေးကွက်ဝေစု ၈ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာနိုင်ငံမှ ပုစွန်များကို ယခု လက်ရှိအချိန်တွင် အများဆုံးတင်ပို့နေသော နိုင်ငံများမှာ ဂျပန်၊ ဟောင်ကောင် (တရုတ်)၊ တရုတ်၊ အမေရိကန်၊ မကာအို(တရုတ်)၊ မလေးရှား၊ တိုင်ပေ(တရုတ်) ၊ ဘယ်လ်ဂျီယမ်၊ ဆွီဒင်၊ ပြင်သစ် တို့ဖြစ်ကြောင်း ITC Trade Data အရသိရသည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာ့ ပုစွန်ကို အများဆုံး ဝယ်ယူသောနိုင်ငံမှာ ဂျပန်ဖြစ်ပြီး စျေးကွက်ဝေစု ၆၀.၉ ရာခိုင်နှုန်းရရှိနေသည်။ မြန်မာ နိုင်ငံသည် ကမ္ဘာ့ပို့ကုန်ထိပ်တန်း စာရင်းမဝင်သော်လည်း မကာအိုနှင့် ဟောင်ကောင်(တရုတ်)သို့ တင်ပို့မှုတွင် အဆင့် ၃ ၊ ဂျပန်သို့ တင်ပို့မှုတွင် အဆင့် ၇၊ မလေးရှားသို့ တင်ပို့မှုတွင် အဆင့် ၁၂၊ ဆွီဒင်သို့ တင်ပို့မှုတွင် အဆင့် ၁၃၊ တရုတ်သို့ တင်ပို့မှုတွင် အဆင့် ၁၅၊ အမေရိကန်သို့ တင်ပို့မှုတွင် အဆင့်

၂၀၊ ဘယ်လ်ဂျီယမ်သို့ တင်ပို့မှုတွင် အဆင့် ၂၂၊ ပြင်သစ်သို့ တင်ပို့မှုတွင် အဆင့် ၄၆ နေရာများတွင် စာရင်းဝင်လျက်ရှိသည်။

၁၂။ တရုတ်သည်ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းနှင့်အာရှထိပ်တန်းနိုင်ငံဖြစ်ခြင်း၊တိုင်ပေ(တရုတ်)၊ မလေးရှားတို့သည် အာရှထိပ်တန်းနိုင်ငံများဖြစ်ခြင်း၊ အင်္ဂလန်သည် မြန်မာမှတင်ပို့မှု Top–12 ဖြစ်ပြီးကမ္ဘာ့ဝယ်လိုအားနှင့် အီးယူဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ စင်ကာပူ၊ ဆော်ဒီအာရေဗျ တို့သည် မြန်မာမှတင်ပို့မှု Top–15 ,16 နေရာများတွင် ရှိနေသော်လည်း အာရှထိပ်တန်းနိုင်ငံများ ဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၁၈–၂၀၁၉ နှစ်နှစ်အတွင်း တင်သွင်းမှု ရာခိုင်နှုန်းမြင့်လာခြင်း တို့ကြောင့်လက်ရှိဝယ်လက်ဈေးကွက်များအနက် တရုတ်၊တိုင်ပေ(တရုတ်)၊ မလေးရှား၊ အင်္ဂလန်၊ စင်ကာပူ၊ ဆော်ဒီအာရေဗျတို့သို့ ဈေးကွက်ပိုမိုတိုးချဲ့သင့်ပြီး၊ ကျန်နိုင်ငံများကိုလည်း ဈေးကွက် ထိန်းသိမ်းထားသင့်ပါသည်။ ရုရှားသည် အာရှထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အင်ဒိုနီးရှားနှင့် ဘာရိန်းတို့ သည်အာရှနိုင်ငံများဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၁၈–၂၀၁၉ နှစ်နှစ်အတွင်းတင်သွင်းမှု ရာခိုင် နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံများသို့ တင်ပို့မှုတွင် မြန်မာ မပါဝင်သေးခြင်းတို့ကြောင့် ရုရှား၊ အင်ဒိုနီးရှား၊ ဘာရိန်းတို့သို့ ဈေးကွက်ထိုးဖောက်သင့်ပါသည်။

၁၃။ ထူးခြားချက်အနေဖြင့် ဗီယက်နမ်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇၃၁ သန်းနှင့် ၂၀၁၉ ခုနှစ်တွင် ၁၉၃၅ သန်းဘိုးတင်ပို့ခဲ့သည့် Top –3 Exporter အနေဖြင့်တွေ့ ရှိရသည်။ သို့သော် ၂၀၁၉ ခုနှစ်တွင် ပြည်ပမှ ၅၆၉ သန်းဘိုး တင်သွင်းထားသည်ကို လေ့လာတွေ့ ရှိရသောကြောင့် ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်အနေဖြင့် Export ပမာဏ ပြည့်မီရန်အတွက် ပြည်ပမှ တင်သွင်းပြီး Re-Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရပါသည်။

၁၄။ စပိန်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၂ သန်းဘိုးနှင့် ၂၀၁၉ ခုနှစ်တွင် ၃၀၃ သန်းဘိုးတင်ပို့ခဲ့သည့် Top –10 Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၁၉ ခုနှစ် တွင်ပြည်ပမှ ၁၁၂၈ သန်းကျော်ဘိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။ တရုတ် နိုင်ငံသည်လည်း ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၇၀ သန်းဘိုးနှင် ၂၀၁၉ ခုနှစ်တွင် ၅၀၇ သန်းကျော်ဘိုးတင်ပို့ခဲ့သည့် Top–7, Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၁၉ ခုနှစ်တွင်

ပြည်ပမှ ၃၉၇၃ သန်းကျော်ဘိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရသောကြောင့် ၂၀၁၉ ခုနှစ်တွင် စပိန်နှင့် တရုတ်တို့သည် ပြည်တွင်းစားသုံးမှုအတွက်နှင့် Export အတွက် ပြည်ပမှ တင်သွင်းပြီး Re–Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရပါသည်။